| လျှောက်ထားခံရသူအတွက်လိုက်ပါ<br>ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးကျော်လင်းမြိုင်၊<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် |

**စီရင်ချက်**

အမှုမှာ ၆-၄-၂၀၂၂ ရက်နေ့ (၁၈:၁၀) နာရီအချိန်ခန့်တွင် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ရုံးမှ အကောက်ခွန်အရာရှိ ဦးစီး၊ အကောက်ခွန်ဝန်ထမ်း (၆) ဦး ပါဝင်သည့်အဖွဲ့သည် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး၊ တန့်ယန်းလမ်းခွဲအနီးတွင် တန့်ယန်းမှ လားရှိုးသို့ ယာဉ်မောင်း ဦးစိုးမင်းနိုင် မောင်းနှင်လာသော ယာဉ်အမှတ် (5I/2351) Mitsubishi Fuso FT50JVX Truck (12W) အမျိုးအစား၊ ခန့်မှန်းတန်ဖိုးကျပ် ၂၅,၀၀၀,၀၀၀ ခန့် ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်တင်သွင်းခွင့်စာရွက် စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်စာတမ်းပါ Budweiser Beer (1x24) (1550 Pkg)၊ ခန့်မှန်းတန်ဖိုးကျပ် ၁၈,၆၀၀,၀၀၀ ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် အခွင်းဖြစ် ပစ္စည်းများ တင်ဆောင်လာသောယာဉ်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမိန့်ကို ကျေနပ်မှုမရှိသဖြင့် အခွန်အယူခံခုံအဖွဲ့သို့ အယူခံ ဝင်ရောက်လာသည့် အကောက်ခွန်အယူခံမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ရုံးတော်ရှေ့မှောက်၌ ကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေက ၂၂-၄-၂၀၂၂ ရက်စွဲပါ အမိန့်၏ အပိုဒ် (၁) တွင် "------------- တန့်ယန်းလမ်းခွဲအနီးတွင် တန့်ယန်းမှ လားရှိုးသို့ ယာဉ်မောင်း ဦးစိုးမင်းခိုင် မောင်းနှင်လာသည့် ယာဉ်---------" ဟု လည်းကောင်း၊ အပိုဒ် (၂) တွင် "----------- အချင်းဖြစ်ပစ္စည်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းသို့ တင်သွင်းရန် ကန့်သတ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းဖြစ်ခြင်း -----------" ဟု လည်းကောင်း၊ အပိုဒ် (၄) တွင် "------ တင်ပို့ခြင်းကို ကန့်သတ်ပိတ်ပင်ထားသော ပစ္စည်းများဖြစ်သည့် တရုတ်စာတမ်းပါ Budweiser Beer (1x24)(1550 Pkgs)၊ ခန့်မှန်းတန်ဖိုးကျပ် ၁၈,၆၀၀,၀၀၀ -----------" ဟုလည်းကောင်း၊ "-----------Mitsubishi Fuso (12 W) အမျိုးအစားယာဉ်အမှတ် (5I/2351) ခန့်မှန်းတန်ဖိုးကျပ် ၂၅,၀၀၀,၀၀၀ (ကျပ်နှစ်ရာ့ငါးဆယ်သိန်း) ခန့်အား ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည် -----------" ဟု လည်းကောင်း ပါရှိပါကြောင်း၊ ထိုအမိန့်ပါ အချက်အလက်အရ လျှောက်ထားသူ ဦးဇော်ဇော်စိုး မှ ကိုယ်တိုင်ဆောင်ရွက်ခဲ့သည် မဟုတ်ခြင်း၊ ယာဉ်ပေါ်ပါပစ္စည်းများသည် တရုတ်ပြည်မှ တိုက်ရိုက်တင်သွင်းလာခြင်း မဟုတ်ကြောင်းပေါ်လွင် ထင်ရှားခြင်း၊ အကောက်ခွန်မဲ့ပစ္စည်းဟုဆိုသော ပစ္စည်းများသည် ဒေသတွင်း မြို့ရွာများတွင် လွတ်လပ်စွာ ရောင်းဝယ်နေသည့် ပစ္စည်းများဖြစ်ခြင်းကို တင်ပြလိုပါကြောင်း၊ လျှောက်ထားသူသည် အခင်းဖြစ်မော်တော်ယာဉ် အမှတ် (5I/2351) အား ယခင်ပိုင်ရှင် ဦးအေးမင်းဝင်း ထံမှ တန်ဖိုးကျပ် ၂၁,၀၀၀,၀၀၀ ဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ကိုယ်တိုင်မောင်းနှင်ခြင်း မပြုနိုင်သဖြင့် ပြင်ဦးလွင်မြို့မှ ဦးစိုးမင်းခိုင် (မှတ်ပုံတင်အမှတ်-၉/ပဥလ (နိုင်) ၀၁၇၂၅၇) အား တစ်လလျှင် ကျပ် ၅၀၀,၀၀၀ ဖြင့် စာချုပ်ချုပ်ဆိုပြီး ငှားရမ်းထားပါကြောင်း၊ လျှောက်ထားသူသည် အခင်းဖြစ်မော်တော်ယာဉ်ကို တန့်ယန်းမြို့နှင့် (၈၃) မိုင် ဝေးသော လားရှိုးမြို့နှင့်သာ ခေါက်တိုပြေးဆွဲခဲ့ပါကြောင်း၊ အခြား မည်သည့်နေရာကိုမှ ပြေးဆွဲခြင်း မပြုပါကြောင်း၊ လားရှိုး-မိုင်းရယ်-တန့်ယန်းသာ အမြဲတစေ ပြေးဆွဲခြင်းဖြစ်ကြောင်း ရုံးတော်မှလိုအပ်ပါက ထိုမြို့နယ်များမှ မထသ၊ ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတို့ထံမှ ထောက်ခံစာများရယူ တင်ပြပေးနိုင်ပါကြောင်း၊ ယခုဖြစ်စဉ်မှာလည်း တန့်ယန်းမှ လားရှိုးသို့ မြေပဲ အချိန် (၄၀၀၀) ဖြင့် ထွက်ခွာလာရာ လားရှိုးမှ မိုင် (၅၀) ဝေးကွာသော မိုင်းရယ်မြို့အရောက်တွင် ဘီယာဖာများ တင်ဆောင်ထားပြီး ပျက်နေသောကားနှင့်တွေ့ပြီး ကားသမားချင်း အကူအညီတောင်းသဖြင့် ထိုကားပေါ်မှ ဘီယာဖာများကို တင်ဆောင်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ မော်တော်ယာဉ်အား ငှားရမ်းမောင်းသူ ဦးစိုးမင်းခိုင် က ဘီယာများကို အမြို့မြို့အနယ်နယ်တွင် ပေါများစွာ တွေ့ရှိနေခြင်း၊ တားမြစ်ထားသည်ကို မသိ၍ သယ်ဆောင်ခြင်းဖြစ်သည်ဟု ပြောပါကြောင်း၊ ဘီယာများကို ဟိုတယ်များ၊ အခွန်လွတ်ဆိုင်များ၊ လိုင်စင်ရအရက်ဆိုင်များနှင့် စားပွဲရုံများတွင် အလွယ်တကူဝယ်ယူ၍ရသော ပစ္စည်းများဖြစ်ပြီး တရားဝင်ရောင်းချနေသော ကန့်သတ်ပစ္စည်းသာဖြစ်ပါကြောင်း၊ လုံးဝတားမြစ်ထားသော ပစ္စည်းများမဟုတ်ပါကြောင်း၊ ပိတ်ပင်တားမြစ်ထားသော ပစ္စည်းများအား ယခုဘီယာကဲ့သို့ ပေါ်ပေါ်ထင်ထင် ရောင်းချခြင်းမပြုကြပါကြောင်း၊ ဘီယာနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် ပြည်ပမှ တင်သွင်းခွင့်မပြုသော တည်ဆဲဥပဒေအရ ကန့်သတ်တားမြစ်ထားသော ကုန်ပစ္စည်းအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ တားမြစ်ပိတ်ပင် ထားသော (Prohibited) မှာ မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်း၊ ဖောက်ခွဲပစ္စည်းစသည်တို့ဖြစ်ပြီး မည်သည့် အကြောင်းနှင့်မျှ တင်သွင်းခွင့်၊ ရောင်းချခွင့်၊ သုံးစွဲခွင့်မရှိပါကြောင်း၊ တည်ဆဲဥပဒေအရ ကန့်သတ်တားမြစ် ထားသော ကုန်ပစ္စည်းမှာ သီးခြားခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပြုသည့် ပစ္စည်းများဖြစ်ပြီး ကန့်သတ်ထားသော ပစ္စည်း (Restricted) ဖြစ်သဖြင့် အထူးခွင့်ပြုချက် လိုင်စင်ဖြင့် တင်သွင်းခွင့် ရှိပါကြောင်း၊ လုံးဝပိတ်ပင်တားမြစ် ထားခြင်း မဟုတ်ဘဲ ကန့်သတ်ထားခြင်းသာဖြစ်ပါကြောင်း၊ ဥပမာ ဘီယာအား နိုင်ငံတော်ဌာနဆိုင်ရာများ၊ အကောက်ခွန်လွတ်ဆိုင်များ၊ ဟိုတယ်၊ စားပွဲရုံ အစရှိသည်များမှ လျှောက်ထားတင်သွင်းခွင့်ရှိပါကြောင်း၊ ပိတ်ပင်တားမြစ် ကုန်ပစ္စည်း၊ ကန့်သတ်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင်

အသုံးပြုသည့် ယာဉ်နှင့် တိရစ္ဆာန်များအား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လမ်းညွှန်သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ အပိုဒ် ၂ (ဂ) နှင့် (ဃ) တို့တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း–

"(ဂ) ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဆိုသည်မှာ– တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း သို့မဟုတ် တစ်ဆင့်ဖြတ်သန်း ကုန်သွယ်ခြင်းမပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ပိတ်ပင်တားမြစ်သည့် ကုန်ပစ္စည်းကို ဆိုသည်။

(ဃ) ကန့်သတ်ကုန်ပစ္စည်းဆိုသည်မှာ– တင်သွင်းခြင်း တင်ပို့ခြင်းမပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ကန့်သတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်။"

ယင်းအမိန့်ကြော်ငြာစာ၏ အပိုဒ် ၃ (ဂ) တွင် အောက်ပါအတိုင်း ဖော်ပြထားပါကြောင်း–

"(ဂ) သိမ်းဆည်းရမိသော တရားမဝင် ကုန်ပစ္စည်းများသည် ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်လျှင် တန်ဖိုးမည်မျှပင် ဖြစ်စေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်သော်လည်း ပိုင်ရှင်ဖြစ်သူမှ ရွေးယူဒဏ်ငွေဖြင့် ရွေးယူလိုကြောင်း လျှောက်ထားလာပါက အောက်ပါအတိုင်း ရွေးယူဒဏ်ငွေ တပ်ရိုက်၍ ရွေးယူခွင့်ပြုနိုင်သည်–

(၁) သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးအတိုင်း သို့မဟုတ် တန်ဖိုးထက် ကျော်လွန်ပါက ယာဉ် သို့မဟုတ် တိရစ္ဆာန်တန်ဖိုး၏ တစ်ဆ၊

(၂) သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးထက် လျော့နည်းပါက သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း စည်းကြပ်တန်ဖိုး၏ တစ်ဆ။"

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ၏ အပိုဒ် ၂ (ဃ) သည် ကန့်သတ်ကုန်ပစ္စည်းအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ၏ ဖော်ပြချက်နှင့် တူညီပါကြောင်း၊ ဘီယာများတင်ဆောင်လာသည့်အတွက် မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်စာတွင်လည်းဘီယာများကို တင်သွင်းခြင်း သို့မဟုတ် တင်သွင်းခြင်းကို ကန့်သတ်ပိတ်ပင်ထားသော ပစ္စည်းဟုဖော်ပြထားသောကြောင့် အချင်းဖြစ်ဘီယာများသည် လုံးဝ တင်သွင်း/တင်ပို့ခြင်းမပြုရန် ပိတ်ပင်တားမြစ်ထားသော ကုန်ပစ္စည်းများ မဟုတ်ဘဲ ကန့်သတ်ထားသော ပစ္စည်းများသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ ဇယားရှိ စဉ် (၉) တွင် ဘီယာအမျိုးမျိုးကို ၆၀ ရာခိုင်နှုန်းဟု ဖော်ပြထားပါကြောင်း၊ အခင်းဖြစ်ဘီယာများနှင့်စပ်လျဉ်း၍ မည်သည့်နေရာမှ ယူဆောင်လာသော ဘီယာများဖြစ်သည်ကိုမသိခြင်း၊ အခင်းဖြစ်ဘီယာများကို ကိုယ်တိုင် တင်သွင်းသယ်ဆောင်လာမှုမရှိခြင်း၊ မိုင်းရယ်မြို့မှာ တရားမဝင်ပစ္စည်းတင်သွင်းရာ လမ်းကြောင်းပေါ်တွင် မရှိခြင်း၊ စတင်ထွက်ခွာလာရာ တန့်ယန်းမြို့မှ သယ်ဆောင်လာခြင်းမဟုတ်ဘဲ လမ်းခုလတ်ရှိ မိုင်းရယ်မြို့မှ စက်ပျက်နေသောကားမှ ကားသမားချင်း စာနာသောအားဖြင့် ကူညီပေးခဲ့ခြင်း၊ ယာဉ်မောင်းမှ သဘောရိုးဖြင့် တရားဝင်သယ်ဆောင်ခွင့်ရှိသော ပစ္စည်းများဟု ယုံကြည်၍တင်ဆောင်ခဲ့ခြင်း၊ ယာဉ်ပိုင်ရှင်သည် သိမ်းဆည်းခဲ့သောကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပါဝင်ပတ်သက်မှု မရှိခြင်း၊ မိမိပါဝင်ပတ်သက်ခဲ့ခြင်းမရှိခဲ့ဘဲ မိမိတွင် တာဝန်မရှိပါဘဲ မိမိပိုင်ယာဉ်အား သိမ်းဆည်းခံရခြင်းမှာ များစွာနစ်နာသည်မှာ ထင်ရှားပေါ်ပေါက်ခြင်းတို့ကြောင့်လည်းကောင်း၊ ဦးပါလေး နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၇၉ ခုနှစ်တွင် ယာဉ်ပိုင်ရှင်ကသော်လည်းကောင်း၊ ယာဉ်ကို စီမံအုပ်ချုပ်သူတို့ကသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ မသိနိုင်သည့် အခြေအနေတွင် ယင်းယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်မသင့်ချေဟု စီရင်ထုံးဖွဲ့ထားခြင်း၊ ဒေါ်နန်းမူ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊၁၉၈၆၊ မတစ၊ စာ-၅၁ တွင် ပစ္စည်းများကို ပိုင်ရှင်မသိဘဲ လျှို့ဝှက်တင်ဆောင်ထားစေကာမူ ယာဉ်ပိုင်ရှင်တွင် တာဝန်မရှိကြောင်း လမ်းညွှန်ဆုံးဖြတ်ထားခြင်းတို့ကြောင့်လည်းကောင်း အကောက်ခွန်မဲ့ ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်ကို သိမ်းဆည်းသည့် အမိန့်အားပယ်ဖျက်၍ မူလပိုင်ရှင်သို့ မော်တော်ယာဉ်အား ပြန်လည်ပေးအပ်စေသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် (သို့မဟုတ်) အကောက်ခွန်မဲ့ ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များ သိမ်းဆည်းခြင်းနှင့် ပတ်သက်၍ စံထားဆုံးဖြတ်ရမည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ၏ အပိုဒ် ၃ (ဂ) အရ ပေးအပ်ထားသော သက်သာခွင့်အရ ရွေးယူခွင့်ပြုကြောင်း အမိန့်တစ်ရပ်ချမှတ်ပေးပါရန် လျှောက်ထားပါသည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၄၂/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ရွာမမြောက်ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၈$^{N}$/အရှေ့ရပ်)၊ ဦးပိုင်အမှတ် (၆၊ ၁၀) မှ **မြေဧရိယာ ၀.၂၂၉ ဧက** အား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ကြို့ပင်ကောက်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမြေနေရာအဖြစ် အသုံးပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေး နိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၅၂)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ကြို့ပင်ကောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမြေနေရာအဖြစ်အသုံးပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၂၂၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

### အမိန့်ကြော်ငြာစာ (၄၅/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ လိပ်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၃၁၆/လိပ်ချောင်း)၊ ဦးပိုင်အမှတ် (၁၅၀/၁) ရှိ **နှစ်ကျိပ်ရှစ်ဆူကောင်းမှုတော် စေတီတော်မြတ်ကြီး** အခွန်လွတ်သာသနာ **မြေဧရိယာ ၂.၀၁ ဧက** အနက်မှ **၀.၈၇ ဧက** အား ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ သိမ်ဒါယကာ ဦးဝင်းအောင် [၁၄/ဟသတ (နိုင်) ၁၈၃၄၄၈] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

D/Hla Na/2023 Gazette/gazette (5)/55

## အမိန့်ကြော်ငြာစာ (၄၆/၂၀၂၃)

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၄၁/ဒိုဘီပြင်အကွက်)၊ ဦးပိုင်အမှတ် (၁၁) ရှိ **မြေဧရိယာ ၄.၅၀၉ ဧက** အနက်မှ **မြေဧရိယာ ၀.၁၅၀ ဧက** အား ရခိုင်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံဆောက်လုပ်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈၂၈) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲပြောင်းပေးရန် အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါစာအမှတ်၊ ၅၀၉ (၅၇)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားလာပါသည်။

ရခိုင်ပြည်နယ်တရားလွှတ်တော်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈၂၈) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲပြောင်းပေးရန် အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၅၀ ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၃/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ ကျန်အခြားမြေ များအား သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်စည်းမျဉ်း ဥပဒေပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ (၁) တို့နှင့်အညီ **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ** (Land at the Disposal of Government) အဖြစ် သတ်မှတ်ခွင့်ပြုလိုက်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာ အုပ်စုအမည် | ကွင်းအမှတ်နှင့် အမည် | ဦးပိုင်/မြေကွက် အမှတ် | ကျန်အခြား မြေဧရိယာ (ဧက) |
|---|---|---|---|---|
| က | ရွှေမင်းဝံရပ်ကွက် | ၇၉၇/ရွာထောင်အရှေ့ | F-၅၂/၃၉၂ | ၁.၁၆ |
| ခ | ရွှေမင်းဝံရပ်ကွက် | ၇၉၇/ရွာထောင်အရှေ့ | F-၅၂/၃၉၃ | ၁.၀၇ |
| ဂ | သောတာပန်ရပ်ကွက် | ၇၇၆/ဝါးချက်တောင် | F-၂၁၉/၃၉၁ | ၂.၄၇ |
| ဃ | ဝါးချက်ကျေးရွာအုပ်စု | ၇၇၅/ဝါးချက်မြောက် | F-၉/၄၅၆ | ၀.၅၂ |
| င | ဝါးချက်ကျေးရွာအုပ်စု | ၇၇၅/ဝါးချက်မြောက် | F-၃၃ | ၁.၀၁ |
| | | စုစုပေါင်း | | ၆.၂၃ |

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန် အား အသက် (၆၂) နှစ်ပြည့်ပြီးနောက် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက် နံနက်ပိုင်းမှစတင်၍ လက်ရှိရာထူးနေရာတွင် ပထမအကြိမ် တစ်နှစ်ဆက်လက် ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၂၀ ကို ပြင်ဆင်ဖြည့်စွက်သည့် အမိန့်ကြော်ငြာစာ**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၂၀ ကို ပြင်ဆင်သည့်အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၂၀ တွင် -

(က) အပိုဒ် (၁)၊ အပိုဒ် (၄)၊ အပိုဒ် (၆) အပိုဒ်ခွဲ (က)၊ အပိုဒ် (၇) အပိုဒ်ခွဲ (က) နှင့် အပိုဒ် (၇) အပိုဒ်ခွဲ (ခ) တို့ပါ "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) အပိုဒ် (၅) တွင်–

- အပိုဒ်ခွဲ (က) ပါ "နှစ်တစ်နှစ်၏ အောက်တိုဘာလ ၁ ရက်တွင် စတင်၍ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးဆုံးသောကာလအပိုင်းအခြားကို ဆိုသည်" ဆိုသည့်စကားရပ်ကို "နှစ်တစ်နှစ်၏ ဧပြီလ ၁ ရက်တွင် စတင်၍ နောက်နှစ် မတ်လ ၃၁ ရက်တွင် ပြီးဆုံးသောကာလအပိုင်းအခြားကို ဆိုသည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
- အပိုဒ်ခွဲ (င) ပါ "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
- အပိုဒ်ခွဲ (ဍ) ၏ နောက်တွင် အပိုဒ်ခွဲ (ဎ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
  - "**မလွန်ဆန်နိုင်သောဖြစ်ရပ်များ** ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ကပ်ရောဂါဘေး၊ ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည့်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည့်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်၊ မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များကို ဆိုသည်။"

B/Ma Na/2025 Gazette/gazette (5)/57

( ဂ ) အပိုဒ် (၆)၊ အပိုဒ်ခွဲ (ခ) ပါ "သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းအသီးသီးမှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ပေးပို့၍ ခွင့်ပြုချက်ရယူရန်"ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဌာန/အဖွဲ့အစည်း အသီးသီးမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) အပိုဒ် (၆)၊ အပိုဒ် (၇) တို့ပါ "၁၀% (ကျပ် ၁၀၀.၀၀၀ သန်း)" ဆိုသည့်စကားရပ်ကို "၁၀% (ကျပ် ၂၀၀.၀၀၀ သန်း)" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( င ) အပိုဒ် (၇) တွင်–

- အပိုဒ်ခွဲ (က) ပါ "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထောက်ခံအတည်ပြုချက်ရယူရန်" ဆိုသည့်စကားရပ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

  "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထောက်ခံအတည်ပြုချက်ရယူရန်အတွက် အောက်ပါတို့ကိုပါ တစ်ပါတည်းပူးတွဲတင်ပြရမည်–

  - လုပ်ငန်း/လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်နိုင်မှုအစီရင်ခံစာ၊
  - မူလစီမံကိန်းအပေါ် အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ (ရာခိုင်နှုန်း)၊
  - မူလခန့်မှန်းစီမံကိန်းတန်ဖိုးအပေါ် သုံးစွဲပြီးအခြေအနေ (ရာခိုင်နှုန်း)၊
  - ဘဏ္ဍာရေးနှစ်အလိုက် ပြီးစီးရန်တင်ပြထားသည့်ကိစ္စရပ်များတွင် မလွန်ဆန်နိုင်သည့်ဖြစ်ရပ်ကြောင့် ခန့်မှန်းစီမံကိန်းတန်ဖိုးပြောင်းလဲခြင်းဖြစ်ပေါ်ခဲ့ပါက အဆိုပါဖြစ်ပေါ်မှုအပေါ် စိစစ်ချက်၊
  - ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းစီမံကိန်းကို အချိန်ကာလအလိုက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့်
  - လုပ်ငန်း သို့မဟုတ် လုပ်ငန်းစီမံကိန်းအလိုက် အချိန်ကာလအလိုက် သုံးစွဲမည့်ဘဏ္ဍာငွေလျာထားချက်"၊

  - အပိုဒ်ခွဲ (ခ) ပါ "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထောက်ခံအတည်ပြုချက်ရယူရန်" ဆိုသည့်စကားရပ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

    "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထောက်ခံအတည်ပြုချက်ရယူရန်အတွက် အောက်ပါတို့ကိုပါ တစ်ပါတည်းပူးတွဲတင်ပြရမည်–

    - လုပ်ငန်း/လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်နိုင်မှုအစီရင်ခံစာ၊
    - မူလစီမံကိန်းအပေါ် အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ (ရာခိုင်နှုန်း)၊
    - မူလခန့်မှန်းစီမံကိန်းတန်ဖိုးအပေါ် သုံးစွဲပြီးအခြေအနေ (ရာခိုင်နှုန်း)၊
    - ဘဏ္ဍာရေးနှစ်အလိုက် ပြီးစီးရန်တင်ပြထားသည့်ကိစ္စရပ်များတွင် မလွန်ဆန်နိုင်သည့်ဖြစ်ရပ်ကြောင့် ခန့်မှန်းစီမံကိန်းတန်ဖိုးပြောင်းလဲခြင်းဖြစ်ပေါ်ခဲ့ပါက အဆိုပါဖြစ်ပေါ်မှုအပေါ် စိစစ်ချက်၊
    - ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းစီမံကိန်းကို အချိန်ကာလအလိုက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့်
    - လုပ်ငန်း သို့မဟုတ် လုပ်ငန်းစီမံကိန်းအလိုက် အချိန်ကာလအလိုက် သုံးစွဲမည့်ဘဏ္ဍာငွေလျာထားချက်"။

( စ ) အပိုဒ် (၈) ပါ "နှစ်စဉ် ဧပြီလ ၃၀ ရက်နေ့" ဆိုသည့်စကားရပ်ကို "နှစ်စဉ် စက်တင်ဘာလ ၃၀ ရက်နေ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) အပိုဒ် (၁၃) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၃။ (က) လုပ်ငန်း/လုပ်ငန်းစီမံကိန်းတို့၏ ခန့်မှန်းစီမံကိန်းတန်ဖိုးကို မမျှော်မှန်းနိုင်သည့်ကိစ္စ၊ မူဝါဒအရမဖြစ်မနေဆောင်ရွက်ရန်ကိစ္စမှတစ်ပါး ပြောင်းလဲခြင်းမပြုရန်နှင့် သတ်မှတ်ထားသည့် ကာလအတွင်း မူလစီမံကိန်းတန်ဖိုးဖြင့် လုပ်ငန်း/လုပ်ငန်းစီမံကိန်းပြီးစီးအောင် ဆောင်ရွက်ရမည်၊

( ခ ) လုပ်ငန်း/လုပ်ငန်းစီမံကိန်းတန်ဖိုးအား အမှန်တကယ်ပြီးစီးနိုင်မည့်ကာလနှင့် သုံးစွဲမည့် ဘဏ္ဍာငွေကို တောင်းခံသည့်ပမာဏနှင့်အညီ ဆောင်ရွက်ရမည်။ ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်းမပြုရ၊

( ဂ ) နှစ်ချင်းပြီး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တန်ဖိုးပြင်ဆင်ပြောင်းလဲခြင်းကို ခွင့်မပြု"။

၃။ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၂၀ တွင် အပိုဒ် (၁၄) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၄။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေစတင်အာဏာတည်သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

(က) အထက်အပိုဒ် (၂) ပါ ပြင်ဆင်ချက်များသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်သည်။"

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

### ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်းနှင့် မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမားများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် တစ်ရက်လုပ်ခ ကျပ် ၆၅၀၀ နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ၏ ကြိုတင်ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်** မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။ ထို့ပြင် မောင်တောခရိုင်အတွင်းရှိမောင်တောမြို့နယ်နှင့်ဘူးသီးတောင်မြို့နယ်တို့တွင်တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမားများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်** တစ်ရက်လုပ်ခ ကျပ် ၆၅၀၀ နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့် ပြုလိုက်သည်။

D/Tha Na/2025 Gazette/gazette (3)

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃)

## ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ၏ကြိုတင်ခွင့်ပြုချက်အရ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်** မူရင်းလစာ၏ ၂ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

## မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၂၃-က နှင့် ပုဒ်မ ၂၇ ပါ “ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍ” ဟူသော စကားရပ်တွင် အကျုံးဝင်သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်ရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုအခွန်ထမ်းများအပေါ် ဝင်ငွေခွန်ကျသင့်မှုနှင့်စပ်လျဉ်း၍ ဤဝန်ကြီးဌာနက မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုများအပေါ် အကျိုးသက်ရောက်ပါသည်။

### သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်

၄။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၃-က နှင့် ပုဒ်မ ၂၇ တို့နှင့် သက်ဆိုင်စေရမည်။

### အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်

၅။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၃-က နှင့် ပုဒ်မ ၂၇ တွင် ပြဋ္ဌာန်းပါရှိသည့် “ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍ” ဆိုရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဆောင်ရွက်သည့်လုပ်ငန်းများကို ဆိုသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေး ဆိုသည်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့

ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်ဆက်စပ်သည့် ဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်အရဖြစ်စေ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး ပဋိညာဉ်တစ်ရပ်ကို ဆိုလိုပါသည်။

၆။ ထို့ပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ကိုယ်တိုင်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ဝန်ဆောင်မှုကိုရယူ၍ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများတို့လည်း ပါဝင်သည်။

၇။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃-၂၀၂၄ စည်းကြပ်နှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

အမှတ် ၁၆။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အဦတွင် ခေတ်အလိုက်စာဆိုပညာရှင်ကြီးများ၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခဲ့သည့် စာပေလက်ရာများ၊ မှတ်တမ်းမှတ်ရာများကို ခင်းကျင်းပြသနိုင်ရန်၊ ပြည့်စုံမှန်ကန်မှုရှိစေရန်နှင့် အချက်အလက်များမကျန်ရှိစေရေးအတွက် **စိစစ်အတည်ပြုမည့်အဖွဲ့** အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

(က) ဦးရဲတင့် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ခ) ဒေါက်တာ မိုးဇော်ထွန်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဂ) ဦးကိုကိုနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစာရေးဆရာအသင်း

B/Ha Na/2023 Gazette/gazette (5)/61

| | | |
|---|---|---|
| (င) | ဦးကြည်စိုးထွန်း<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (စ) | ဦးနေဝင်း<br>အတွင်းရေးမှူး<br>မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်အောင်<br>အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) | အဖွဲ့ဝင် |
| (ဇ) | ဦးညွှန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)<br>အတွင်းရေးမှူး<br>မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| (ဈ) | ဦးမောင်လှိုင် (မောင်ဆွေငယ်)<br>စာတည်းမှူးချုပ် (ငြိမ်း)<br>စာပေဗိမာန် | အဖွဲ့ဝင် |
| (ည) | ဒေါက်တာ စိန်မြင့်<br>မြန်မာသမိုင်းအဖွဲ့ဝင်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာ ခင်ဆွေမြင့်<br>မြန်မာစာအဖွဲ့ဝင်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာ ခင်စောအေး<br>ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါ်ဥမ္မာ<br>ဒုတိယညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒေါ်သောင်းဖျက်ပါရီ<br>ဒုတိယဌာနမှူး (စာကြည့်တိုက်)<br>တက္ကသိုလ်များဗဟိုစာကြည့်တိုက်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဗိုလ်မှူး သန်းလှိုင်<br>စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ဦးအောင်ဇော်မျိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ထ) ဦးဝင်းကျော်အောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဒ) ဦးတိုးကျော် — တွဲဖက်အတွင်းရေးမှူး
စာတည်းမှူးချုပ် (စာပေဗိမာန်ရုံး)
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

အမှတ် ၁၇။ ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၀) ဖြင့် ဖွဲ့စည်းခဲ့သည့် **မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ** အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

(က) ဦးတိုးဝင်း — ဥက္ကဋ္ဌ
အတွင်းရေးမှူး
မွန်ပြည်နယ်အစိုးရအဖွဲ့

(ခ) ရဲမှူးကြီး မျိုးဆွေ — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဒေါ်အေးအေးခိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ဦးမြင့်နိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးတင်ကိုကို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(စ) ဦးမောင်မောင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဦးညွှန့်နိုင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

D/Ma Na/2025 Gazette/gazette (3)/65

## (ဝန်ကြီးရုံး)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

အမှတ် ၁၈။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ တာဝန်ကျရုံး |
|---|---|---|
| (က) | ဦးတင်ကိုဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရခိုင်ပြည်နယ် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ရခိုင်ပြည်နယ် |
| (ခ) | ဦးကျော်ခိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနခွဲ | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မကွေးတိုင်းဒေသကြီး |
| (ဂ) | ဒေါ်စိုးစိုးထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ကယားပြည်နယ် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ကယားပြည်နယ် |
| (ဃ) | ဒေါ်မြင့်မြင့်ခိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စစ်ကိုင်းတိုင်းဒေသကြီး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>တနင်္သာရီတိုင်းဒေသကြီး |

## (ဝန်ကြီးရုံး)

အမှတ် ၁၉။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|
| ဒေါ်ခင်မိုးဥ<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>ရုပ်မြင်ဌာနခွဲ | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>အသံလွှင့်ဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၂၁။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်–

| **အမည်** | **လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|
| ဦးမျိုးဇော် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့<br>ဆက်ဆံရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး | ညွှန်ကြားရေးမှူး (စီမံ)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့<br>ဆက်ဆံရေးဦးစီးဌာန<br>နေပြည်တော် (ရုံးချုပ်) |

## (ဝန်ကြီးရုံး)

အမှတ် ၂၂။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တွဲဖက်တာဝန်ပေးအပ်လိုက်သည်–

| **အမည်** | **လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|
| ဦးအောင်မျိုးသန့် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့<br>ဆက်ဆံရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန (တွဲဖက်) |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၇-၁-၂၀၂၃) ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/(၅၂) (စမဆ) ဖြင့် ညှိနှိုင်းတင်ပြချက် အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ (၂၇-၇-၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၁၁၅၇)/၂၀၂၂ ပါ

B/Tha Na/2023 Gazette/gazette (5)/65

အတည်ပြုချက်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၂၀၀/မပ (မြေတိုင်း)-၂ (၂၀၂၃) ဖြင့် စိစစ်တင်ပြချက်တို့အရ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၁၄)၊ ခင်တဲတောင်ကွင်းနှင့် ကွင်းအမှတ် (၉၁၆)၊ ရွာသစ်တောင်ကွင်း၊ ဧရိယာ (၂၈၃.၀၀) ဧကရှိ မြေနေရာအား မွေးမြူရေးဇုန်မြေနေရာတိုင်းတာနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေး အရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၀/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပုံဆွဲ-၁ (တိုင်းတာပုံဆွဲ)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်နှင်းယုထွေး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (တိုင်းတာပုံဆွဲ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန် အား လစဉ်ချီးမြှင့်ငွေ (ကျပ် ၅၀၀,၀၀၀) တိတိဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ ညနေပိုင်းအထိ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့တွင် ဥပဒေအကြံပေးအဖြစ် (ပထမအကြိမ်) တစ်နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) အစီအစဉ် (၉-ဃ) ၌ သဘောတူဆုံးဖြတ်ချက်အရ ပညာရေး ဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးစိုးဝေဖြိုး အား အဆိုပါဦးစီးဌာနရှိ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၃)**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) အစီအစဉ် (၉-ဃ) ၌ သဘောတူဆုံးဖြတ်ချက်အရ ပညာရေး ဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအုံ့မောင် အား အဆိုပါ ဦးစီးဌာနရှိညွှန်ကြားရေးမှူး (စီမံ)၊ လစာနှုန်း (၃၇၄,၀၀၀- ၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၉၃/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) အစီအစဉ် (၉-င) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာန၊ ပြည်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ နွယ်သင်းနီ အား ဟားခါးတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀- ၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

### ဦးစီးအရာရှိများ အတည်ပြုခန့်ထားခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၀/၂၀၂၂ ဖြင့် ဦးစီးအရာရှိ (အစမ်းခန့်) များအဖြစ် ခန့်ထားခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၉) ဦးတို့အား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| (က) | ဒေါ်နီနီဝင်းထွန်း | ၁၃/ကလန (နိုင်) ၁၀၃၆၂၇ |
| (ခ) | ဒေါ်ကေသီအောင် | ၅/ရဥန (နိုင်) ၁၁၄၉၉၆ |
| (ဂ) | ဒေါ်ဖြိုးဖြိုးစံ | ၇/လပတ (နိုင်) ၁၆၄၆၆၅ |
| (ဃ) | ဒေါ်ဟန်နီဝင်းကျော် | ၁၂/ခရန (နိုင်) ၁၃၉၉၉၆ |
| (င) | ဒေါ်ဇင်မာမြင့် | ၇/ရတရ (နိုင်) ၁၅၂၇၇၉ |
| (စ) | ဒေါ်အေးသန္တာရွှေ | ၁၃/ဖခန (နိုင်) ၀၆၁၃၄၃ |
| (ဆ) | ဒေါ်သဲသဉ္ဇာလွင် | ၁၂/သလန (နိုင်) ၁၃၆၅၆၁ |
| (ဇ) | ဒေါ်ဝေဝေခိုင် | ၈/ပခက (နိုင်) ၂၅၇၀၂၀ |
| (ဈ) | ဒေါ်ချစ်စန္ဒီစိမ့် | ၉/ပမန (နိုင်) ၂၁၅၁၀၅ |

၂။ ၎င်းတို့သည် မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ရမည်ကို ဆက်လက်ထုတ်ပြန်ပါမည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၃ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် အား ခံစားခွင့်ပြုရန် လျှောက်ထားလာသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ (၁၆-၁-၂၀၂၃ ရက်မှ ၁၅-၅-၂၀၂၃ ရက်အထိ) ကို **နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

### စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

အမှတ် ၁၀/၂၀၂၃။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

စောပိုင်ထူးကျော် ကြည်း ၇၉၂၈၅

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာအုပ်စု၊ ဆည်ခေါင်းကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၂/ဆည်ခေါင်းရွာမြောက်)၊ ဦးပိုင်အမှတ် (၁၁၅၊ ၁၁၆၊ ၁၁၆/၁၊ ၁၁၇၊ ၁၂၇/၂၊ ၁၂၇၊ ၁၃၁၊ ၁၁၈၊ ၁၂၅၊ ၁၂၆၊ ၁၂၇/၁၊ ၁၄၂) ရှိ **မြေဧရိယာ ၂၀.၈၂ ဧက** အား **ရွှေဆင်ခေါင်းကျောင်းတိုက်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## သမဝါယမဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၀၂/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁/၁/၈/သမကျေးလက် (၀၉၂/၂၀၂၃) အရ သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး) တွင် လက်ထောက်ကထိက (အစမ်းခန့်) (ပုံသေလစာ ၂၇၅,၀၀၀/-ကျပ်) ဖြင့် ခန့်အပ်ထားသော အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၂) ဦးတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ သင်တန်းပြီးဆုံးအောင်မြင်ခဲ့သဖြင့် ၎င်းတို့၏အမည်နှင့် ယှဉ်တွဲပါလုပ်ငန်းဌာနများတွင် လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး၏ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | အဘအမည် | တာဝန်ချထားသည့် လုပ်ငန်းဌာန |
|---|---|---|---|
| (က) | ဒေါ်ခင်မြင့်မိုရ် ၉/အမရ (နိုင်) ၁၃၈၆၃၃ | ဦးစိုးဝင်း | သမဝါယမကောလိပ် (မန္တလေး) |
| (ခ) | ဒေါ်ရည်မွန်သန့် ၉/နထက (နိုင်) ၁၆၄၇၃၂ | ဦးမောင်ပေါလေး | သမဝါယမကောလိပ် (မန္တလေး) |

အောင်သူရ

ညွှန်ကြားရေးမှူးချုပ်

သမဝါယမဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် (၂၀၂၃ ခုနှစ်၊ မတ်လ ၃ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Almana Services Limited**
**(Members' Voluntary Winding-up)**
Invitation to Final General Meeting

Pursuant to Section 211 of Insolvency Law, the Final General Meeting of Almana Services Limited which is in the course of winding-up will be held and the members are cordially invited to attend the Final General Meeting of the Company as set forth in the following schedule.

Date : 30-3-2023
Time : 10:00 am
Place : No.561, Merchant Street, Level-8, Kyauktada Township, Yangon Region.

Daw Chit Sandi
Advocate (Liquidator)
No-47, Mirror Room, Middle Bo Ta Za,
Bo Tun Zan Ward, Daw Bon Township,
Yangon Region.

**BJC-MIB Co., Ltd (the "Company")**
Incorporated in the Republic of the Union of Myanmar
Voluntary Winding-up

Calling the Final General Meeting Regarding the Winding-up of **BJC-MIB Company Limited**.

Pursuant to Section 370 (a,b) of Myanmar Companies Law, the final general meeting of **BJC-MIB Company Limited** which is in the course of winding-up is held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders.

The meeting is held as follows:
Date : 3 April 2023
Time : 10:00 am
Venue : No.138/142, Room (D), Ground Floor, Thein Phyu Street, Botahtaung Township, Yangon.

Thida Cho Win
Liquidator
BJC-MIB Co.,Ltd

## သာယာသောနေမင်းစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်

## (Fair Sun Industry Co., Ltd)

## အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သာယာသောနေမင်းစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (Fair Sun Industry Co., Ltd)** အား (၂၂-၂-၂၀၂၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသောင်းအေး B.A, CPA (R.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Dr. Pe Khin
Managing Director
Fair Sun Industry Co., Ltd

ဦးသောင်းအေး
B.A, CPA (R.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်း (၁၅၇)၊ (၁၀) ရပ်ကွက်၊ ၄၇ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – 09–255594353

## MYANMAR PARAMOUNT COMPANY LIMITED

## အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**MYANMAR PARAMOUNT COMPANY LIMITED** ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

အစည်းအဝေးကျင်းပမည့်ရက် ။ ။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ ရက်
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀:၀၀) နာရီ
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

ဒေါ်ခင်ဦးဟန်
B.Act, CPA
MAIP–00134
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ဖ၄၀/၂၂/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၇၈၀/ ၃-၃-၂၀၂၃။